# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 31 , 2022 | Volume 59, Number 19


၃၁.၁၀.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၀၅၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၀၈၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၆.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၃.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၇၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၄.၁၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၂၁၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မျိုးမြေပဲဆန်နှင့်ဆီစက်သမားတွေ ရောင်းကောင်းနေတာကြောင့် မြေပဲဆန်တစ်ခုသာ အရောင်းအဝယ်သွက်နေ



မကွေးဂျာနယ်

မျိုးမြေပဲဆန်နှင့် ဆီစက်သမားတွေ ရောင်းကောင်းနေတာကြောင့် မြေပဲဆန်တစ်ခုသာ အရောင်းအဝယ်သွက်နေပြီး အခြားပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးအေးနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံကသိရသည်။

မန္တလေးကုန်စည်ဒိုင်တွင် နှစ်စဉ်ကထိန်ရာသီရောက်တိုင်း အလှူအတန်းများနှင့် ခရီးသွားချိန် အရောင်းအဝယ်နားချိန်ဖြစ်တာကြောင့် အရောင်းအဝယ်မှာ ခပ်အေးအေးသာရှိကြောင်း၊ ပို့ကုန်ပဲများနိုင်ငံခြားတင်ပို့ချိန် မဟုတ်တာကြောင့်လည်း ဈေးကွက်အတက်အကျ မရှိခြင်းဖြစ်ကြောင်း ဧရာဝတီမြစ်ရိုးတစ်လျှောက် မြေနုကျွန်းများ မြေပဲစိုက်ပျိုးချိန် ဖြစ်တာကြောင့် မျိုးမြေပဲနှင့်ပြည်တွင်းဆီစက်သမားများ ဝယ်ယူနေတာကြောင့် မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်သွက်နေကြောင်း၊ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးအနေဖြင့် နိုဝင်ဘာလကုန်ပိုင်းကနေ ဒီဇင်ဘာလကုန်အထိ အရောင်းအဝယ် ထူးထူးခြားခြား ပြောင်းလဲစရာမရှိကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်း)ပွဲရုံကပြောသည်။

“ပြည်တွင်းပဲဈေးကွက်မှာ ထူးခြားမှုမရှိ။ အရောင်းအဝယ် ခပ်အေးအေးသာရှိနေပါတယ်။ နိုင်ငံခြားတင်ပို့မှုမရှိသေးတော့ ပို့ကုန်ပဲတွေရော ပြည်တွင်းသုံးပဲတွေ ခပ်အေးအေးနဲ့ ဈေးတက်ခြင်းမရှိပါဘူး။ မြေပဲဆန်တစ်ခုပဲ ဆီစက်သမားတွေ ဆီရောင်းကောင်းနေလို့ ဈေးမတက်ဘဲခပ်သွက်သွက် အရောင်းအဝယ်ဖြစ်နေပါတယ်။ အညာဧရာဝတီမြစ်ရိုးတစ်လျှောက်က မျိုးမြေပဲဆန်တွေ ဝယ်နေရပြီ။ ဆီစက်သမားကလည်း ဆီကြိတ်ဖို့ဝယ်တော့ မြေပဲဆန်ကလွဲရင် ကျန်တဲ့ပဲတွေ ခပ်အေးအေးရှိနေပါတယ်။ မျိုးမြေပဲဆန်ဈေးက တစ်ပိဿာကျပ် ၆၀၀၀ ဈေးရှိပါတယ်။ နှမ်းမျိုးစုံဈေးကတော့ သုံးတင်းဝင်တစ်အိတ်ကျပ် ၃ သိန်းအောက်မှာသာ အရောင်းအဝယ်ရှိနေပါတယ်။ ပဲမာလိုင်းတွေကတော့ ဈေးအေးနေသော်လည်း ကျွန်းစားတော်ပဲကတော့ မြန်မာပြည်ရဲ့ မနက်စာဖြစ်နေတော့ ဈေးကောင်းနေဆဲပါ။ နိုဝင်ဘာလကုန်ကနေ ဒီဇင်ဘာထိတော့ ဈေးကွက်က ထူးထူးခြားခြား ပြောင်းလဲစရာမရှိပါဘူး ” ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပို့ကုန်ပဲများနိုင်ငံခြားသဘော်တင်ပို့မှု မရှိသေးချိန်နှင့် ပြည်တွင်းဒေါ်လာဈေးတည်ငြိမ်နေတာကြောင့် ပို့ကုန်မတ်ပဲ၊ ပဲစင်းငုံပေါက်ဈေးမှာ အပြောင်းအလဲမရှိ

တည်ငြိမ်နေရာ အောက်တိုဘာ ၂၇ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀၊ ပဲစင်းငုံ တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ သာ အဝယ်ရှိပြီး အရောင်းသမားက ၁၉၀၀၀၀ ဈေးဖွင့်ထားသည်။ ပဲတီစိမ်းအညာမှာ ထိပ်စသုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၄၅၀၀၀ ပေါက်ဈေးရှိသော်လည်း ဝယ်လက်ကောင်းကောင်းမရှိသေးကြောင်း သိရသည်။

**မြေပဲ**

ရောဝတီမြစ်ရိုးတစ်လျှောက် မြေနုကျွန်းများအပါအဝင် ဆောင်းမြေပဲစိုက်ခင်းများစိုက်ပျိုးရန် ပြင်ဆင်နေကြချိန် ဖြစ်တာကြောင့် မျိုးမြေပဲတစ်ပိဿာကျပ် ၆၀၀၀ ပေါက်ဈေးရှိသော်လည်း ဆီဆန်များမှာ တစ်ပိဿာ ၅၄၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်သွက်နေသည်။ မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ အထိ ကျဆင်းသွားကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင် ပဲ၊နှမ်းဈေးကွက်တစ်ခုလုံး ထူးခြားမှုမရှိ အရောင်းအဝယ် ခပ်အေးအေးသာရှိနေရာ အောက်တိုဘာ ၂၇ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၁၈၂၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀၊ စွန်တာပြာတစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

Source: **မကွေးဂျာနယ်**

## ၂၄.၁၀.၂၀၂၂ မှ ၂၈.၁၀.၂၀၂၂ နေ့အထိဈေးကွက်သုံးသပ်ချက်

**မတ်ပဲ**

ယခုတစ်ပတ်အတွင်း ဒေါ်လာဈေးတွေ မြင့်တက်လာခဲ့ပြီး မတ်ပဲဈေးကလည်း ပြန်တက်လာခဲ့ပါတယ်။ ပိတ်ရက်အတွင်း ဈေးမြင့်လာခဲ့တာဖြစ်ပြီးတော့ ပဲကုန်သည် တွေကလည်း လုပ်ခတ်မှုတွေရှိတဲ့ ငွေကြေးကိုစောင့်ကြည့်နေတာဖြစ်လို့ အရောင်းအဝယ်ကတော့ သိပ်မဖြစ်ဘူးလို့သိရ ပါတယ်။

ပိတ်ရက်အတွင်းလှုပ်ခတ်ခဲ့ပြီး ဈေးတွေမြင့်တက်ခဲ့ပေမယ့် ပိတ်ရက်အပြီးမှာတော့ ငွေကြေးလဲလှယ်ဈေးနှုန်း တွေလည်း ပြန်ကျဆင်းပြီး ပဲဈေးတွေလည်း ပြန်ကျဆင်းလာပါတယ်။ ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၈ သိန်းကျော်အထိ ဈေးပြန်တက်လာခဲ့ပေမယ့် တစ်ပတ်အတွင်း ၁၈ သိန်းအောက်ထိ ဈေးပြန်ကျဆင်းသွားပါတယ်။ လက်ရှိပေါက်ဈေးက တစ်တန်ကို ၁၇ သိန်း ၆ သောင်း ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၄ သောင်းလောက် ဈေးပြန်ကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၇၅၀၀၀ မှ ၁၇၈၀၀၀ ထိ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၇၀၀၀ လောက် ဈေးကျဆင်းပါတယ်။

မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၆၀၀၀ ကနေ ၅၉၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၃၀၀၀ လောက် ဈေးကျဆင်းပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပဲလက်ကျန်မရှိတဲ့အတွက် ဈေးကတော့ အတက်အကျအများကြီးမရှိပဲ ငွေကြေးဈေးပေါ်မူတည်ပြီး အနည်းအများ အပြောင်းအလဲသာရှိပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၁၉၆၅၀၀၀ ကနေ ၁၉၇၅၀၀၀ ကြား အရောင်းအဝယ်ရှိနေပြီး တစ်တန်ကို ၅ ထောင်လောက်သာ အတက်အကျရှိပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၈၅၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။ နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့် မုံရွာတို့မှာတော့ တစ်တင်းကို ၅၉၀၀၀ မှ ၆၀၀၀၀ လောက်ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ လောက် ဈေးကျဆင်း ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းက ရက်အတန်ကြာ ဈေးငြိမ်နေခဲ့ပြီး ဒီတစ်ပတ်မှာတော့ ရန်ကုန်ဈေးကွက်မှာ ဈေးထပ်ကျဆင်းပါတယ်။ အရောင်းအဝယ်ကအေးနေပြီး ငွေကြေးဈေး ကျဆင်းတဲ့အတွက် ဈေးကျဆင်းသွားတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ)ကတော့ တစ်ပိဿာကို ၃၁၆၅ ကနေ ၃၂၅၀ ကျပ်ရှိပြီး တစ်ပိဿာကို ၈၅ ကျပ်၊ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာကို ၂၅၀၀ ကနေ ၂၅၅၀ ကျပ်ပေါက်ဈေးရှိပြီး ၂၀ ကျပ်ဈေးကျဆင်းကာ ၂၅၃၀ ကျပ်၊ ပဲတီစိမ်း(ပဲခူးရွှေဝါ)ကတော့ တစ်ပိဿာကို ၃၀၀၀ ကနေ ၃၀၈၅ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင် တစ်အိတ်ကို ၁၂၅၀၀၀ ကနေ ၁၄၂၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့မှာတော့ တစ်တင်းကို ၄၁၀၀၀ ကနေ ၄၇၅၀၀ ကျပ် ရှိပြီး တစ်တင်းကို ၅၀၀ ကနေ ၁၀၀၀ ကြားဈေးကျဆင်းပါတယ်။

**ကုလားပဲ**

ကုလားပဲဈေးက ပြီးခဲ့တဲ့အပတ်က ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ် ပြန်ကျဆင်းပါတယ်။ ငွေကြေးဈေး တည်ငြိမ်မှုမရှိတဲ့အပြင် ပိတ်ရက်တွေကြောင့် အရောင်းအဝယ်တွေကလည်းအေးနေပြီး အရည်အသွေးပေါ်မူတည်ကာ အချို့ကုလားပဲတွေကတော့ ဈေးမာနေပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၆၅ ကနေ ၃၁၆၅ ကျပ်နဲ့ ဈေးငြိမ်နေပါတယ်။ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၃၂၅၀ ကနေ ၃၄၁၅ ကျပ် ရှိပြီး တစ်ပိဿာကို ၈၀ ကျပ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၁၈၀ ကနေ ၄၃၅၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်)က ၃ တင်းဝင်တစ်အိတ်ကို ၁၇၂၀၀၀ ကနေ ၁၇၄၀၀၀ ပေါက်ဈေး ရှိပြီး ၁၀၀၀ကျပ်၊ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၁၉၀၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ကျပ်၊ ကုလားပဲ (929) က တစ်အိတ်ကို ၁၇၈၀၀၀ ပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

ပြည်ဈေးကွက်မှာတော့ ကုလားပဲ(ဟော်လန်)နဲ့ ကုလားပဲ (မြကြေး)က တစ်တင်းကို ၆၃၀၀၀ ကနေ ၆၄၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်တင်းကို ၁၀၀၀ လောက် ဈေးကျဆင်းပါတယ်။

မုံရွာဈေးကွက်မှာတော့ ကုလားပဲ(ထိုင်ဝမ်) နဲ့ ကုလားပဲ(929) တို့က တစ်တင်းကို ၅၉၀၀၀ ကနေ ၅၉၅၀၀ ပေါက်ဈေး ရှိပြီး တစ်တင်းကို ၁၀၀၀ လောက် ဈေးပြန်ကျဆင်းပါတယ်။

**ပြောင်းဆံ**

ပြောင်းဈေးကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။တရုတ်နိုင်ငံကို စတင်စမ်းသပ်တင်ပို့နေပြီဖြစ်တဲ့အပြင် အခြားပြည်ပနိုင်ငံတွေကိုလည်း တင်ပို့နေတာဖြစ်တဲ့အတွက် ဈေးကတက်နေတာဖြစ်ပါတယ်။ ဈေးတက်နေပေမယ့်လည်း အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေတယ်လို့သိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြောင်းဆံက တစ်ပိဿာကို ၁၀၇၀ ကနေ ၁၀၉၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀ ကျပ် ဈေးတက်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၅၄၅၀၀ ကနေ ၅၄၇၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၂၀၀လောက် ဈေးမြင့်တက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ စီပီပြောင်းက တစ်တင်းကို ၁၈၀၀၀ ကျပ်ရှိပြီး ၅၀၀ ကျပ်ဈေးတက်ပါတယ်။

လားရှိုးဈေးကွက်မှာတော့ အစိုရာခိုင်နှုန်းပေါ်မူတည်ပြီး တစ်ပိဿာကို ၉၂၀ ကနေ ၁၁၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၀၀ လောက် ဈေးတက်ပါတယ်။

**Source: AMIA**

https://t.me/htwettoe

## ပြီးခဲ့သည့် ကော်ဖီရာသီတွင် မြန်မာ့ကော်ဖီကုန်ကြမ်း လက်ကျန်မရှိ ပြည်တွင်းပြည်ပရောင်းချနိုင်ခဲ့



မကွေးဂျာနယ်

မြန်မာ့ကော်ဖီကုန်ကြမ်းများကို ပြည်တွင်းထွက်ရှိသည့် ပမာဏထက် ၇၅ ရာခိုင်နှုန်း ပြည်ပသို့တင်ပို့ခဲ့သည့်အပြင် ပြည်တွင်းရောင်းဝယ်လိုအားကြောင့် ပြီးခဲ့သည့် (၂၀၂၁ ခုနှစ်) ကော်ဖီရာသီမှ ကော်ဖီကုန်ကြမ်းများ လက်ကျန် မရှိတော့ကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းနာယက ဦးရဲမြင့်ကပြောသည်။

ပြည်တွင်းမှ နှစ်စဉ် ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀၀၀၀ ကြားထွက်ရှိပြီး ၇၅ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့နေပြီး ပြီးခဲ့သည့်နှစ်က အမြင့်ဆုံးဈေးမှာ ကော်ဖီတစ်တန်လျှင် အမြင့်ဆုံးအမေရိကန်ဒေါ်လာ ၈၃၀၀ ဝန်းကျင်မှ အနိမ့်ဆုံး ၅၅၀၀ ဝန်းကျင် ရရှိခဲ့သည်ဟုဆိုသည်။ “ပြည်တွင်းမှာ မနှစ်က(၂၀၂၁)ထွက်တဲ့ ကော်ဖီ ကုန်ကြမ်းက ဒီနှစ်မှာလက်ကျန်မရှိတော့။ ရာသီချိန်က ပြည်တွင်းကော်ဖီကုန်ကြမ်းတွေက နိုဝင်ဘာကနေ စရတော့မယ်။ ကမ္ဘာ့ကော်ဖီစိုက်တဲ့နေရာတွေမှာက အထွက်နည်းတော့ ကျွန်တော်တို့ကော်ဖီက ဒီနှစ်ရာသီမှာ ဈေးကောင်းရနိုင်တယ်”ဟု ၎င်းကပြောသည်။

ကော်ဖီရာသီချိန်မှာ နိုဝင်ဘာလတွင် စတင်ပြီဖြစ်ရာ စိုက်ပျိုးချိန် ရာသီဥတုကောင်းမွန်ခဲ့သောကြောင့် ယခုနှစ်တွင် အထွက်နှုန်းကောင်းနိုင်ကြောင်း၊ မြန်မာနိုင်ငံမှ အထူးတန်းဝင် Speciality Coffee ကို အမေရိကန်၊ ကနေဒါနှင့် EU နိုင်ငံများသို့ တင်ပို့နေပြီး အရည်အသွေးတဆင့်နိမ့်ကော်ဖီများကို ဂျပန်၊ ကိုရီးယား၊ အာဆီယံနိုင်ငံများနှင့်တစ်ကမ္ဘာလုံးသို့ တင်ပို့လျက် ရှိရာ ထိုင်းနိုင်ငံမှလည်း ဝယ်လိုအားမြင့်လာကြောင်းသိရသည်။ “ပို့ကုန်အစားထိုးတင်ပို့မှုမှာ ကော်ဖီလုပ်ငန်းက အောင်မြင်မှု ရလာတဲ့အတွက် အရည်အသွေးမြှင့်ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ဖို့လိုတယ်။ တခြားနိုင်ငံတွေက မြန်မာ့ကော်ဖီကို ကုန်ချော ထုတ်ပြီး ရောင်းနေကြတာဆိုတော့ ကျနော်တို့က ကုန်ကြမ်းရောင်းစားနေရတဲ့ အနေအထားဖြစ်နေတယ်။ ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီဖြစ်အောင်လုပ်ရမယ်”ဟု ဆက်လက်ပြောကြားသည်။

မြန်မာ့ကော်ဖီကို Border Trade နှင့် Normal Trade ဖြင့် ပြည်ပသို့တင်ပို့နေရာ ကုန်ကြမ်းအဆင့်မှ ကမ္ဘာ့အဆင့်မီ ကုန်ချော အဆင့်ထုတ်လုပ်၍ ပြည်ပတင်ပို့နိုင်ရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်သောလုပ်ငန်းရှင်များ စည်းလုံးညီညွတ် ရန်နှင့် ဌာနဆိုင်ရာများက ကူညီပေးရန်လိုအပ်သည်ဟု ၎င်းကသုံးသပ်ပြောဆိုခဲ့သည်။

လာမည့် နိုဝင်ဘာမှဖေဖော်ဝါရီလအတွင်း ပြည်တွင်းမှကော်ဖီများ လှိုင်လှိုင်ပေါ်လာတော့မည်ဖြစ်ပြီး ကော်ဖီ Export ရာသီဖြစ်သည့် မတ်လမှမေလအတွင်း အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမဏီ၊ ဆွစ်ဇလန်၊ ထိုင်းနှင့်တရုတ်နိုင်ငံများသို့ ကော်ဖီတန်ချိန် တစ်သောင်းဝန်းကျင်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှသိရသည်။

**Source: မကွေးဂျာနယ်**

## လာမယ့် နိုဝင်ဘာလမှာကျင်းပမယ့် နိုင်ငံတကာထုတ်ကုန်ပြပွဲတွင် မြန်မာ့ထွက်ကုန်ထောပတ်သီးများကို ပြသသွားမည်

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ လာမယ့်နိုဝင်ဘာလအတွင်းကျင်းပမယ့် နိုင်ငံတကာထုတ်ကုန်ပြပွဲတွင် မြန်မာ့ထွက်ကုန် ထောပတ်သီးတွေဖြစ်တဲ့ ဟက်စ်မျိုးနှင့်ပက်ကာတန်မျိုးတွေကို ပြသသွားမယ်လို့ မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်မြို့)မှ သိရှိရပါတယ်။ ယခုလိုပြသနိုင်ခြင်းကြောင့် နိုင်ငံတကာနှင့်ဈေးကွက် ချိတ်ဆက်နိုင်မှာဖြစ်ပြီး မြန်မာ့ထောပတ်သီးကို နိုင်ငံတကာက စိတ်ဝင်စားမှုများရှိနေလို့ ဝင်ရောက်ပြသတာလို့ သိရှိရပါတယ်။

ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ပြင်ဦးလွင်မြို့)မှ တာဝန်ရှိသူတစ်ဦးက “အခုဆိုရင် ထောပတ်စိုက်ဒေသတွေမှာ ပြည်ပမျိုးတွေကို ဆက်တိုက်စိုက်ပျိုးလာတာ တော်တော်များများထွက်ရှိနေပါပြီ။ ၂၀၂၃ -၂၀၂၄ ခုနှစ်မှာ ထောပတ်သီးတွေ ပိုထွက်တော့မှာပါ။ ဒါကြောင့် ပြပွဲတွေမှာ ခုကတည်းက ဈေးကွက်ကို ကြိုတင်ရှာနေတာပါ”လို့ ပြောပါတယ်။

ယခုပြပွဲမတိုင်မီတွင် ပြင်သစ်နိုင်ငံမှာလဲ မြန်မာ့ထောပတ်သီးတွေကိုပြသခဲ့ပြီး အဲ့ဒီပြပွဲမှာလည်း ဥရောပနိုင်ငံ တော်တော်များများက ဟက်စ်ထောပတ်မျိုးကို ကြိုက်နှစ်သက်တာကို တွေ့ရှိခဲ့တယ်လို့ သိရှိရပါတယ်။ ထို့သို့ ပြည်ပသို့ ဈေးကွက်တွင်ကျယ်စေရေး စီစဉ်လာချိန်နှင့်တပြိုင်တည်းမှာပဲ ရင်းနှီးမြှုပ်နှံသူအသစ်များ အများအပြား ထောပတ်စိုက်ပျိုးနယ်ပယ်သို့ ခြေချလာနေပြီး ကေယ်တွေမှာ ရင်းနှီးမြှုပ်နှံတာ များလာကြတယ်လို့လည်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရှိရပါတယ်။

ပြည်တွင်း၌ ထောပတ်သီးတစ်ကီလိုလျှင် ခြံထွက်ဈေး ကျပ်(၄,၀၀၀) အထိရှိပြီး လက်လီဈေး တစ်ကီလိုလျှင် ကျပ် (၇,၀၀၀) အထိရောင်းချလျက်ရှိပြီး၊ ဈေးကွက်အတွင်းတွင် မြန်မာ့ထောပတ်သီးအား အမျိုးအစားအလိုက် ကျပ် (၈၀၀) မှ (၁,၀၀၀) အထိ ရောင်းချလျက်ရှိသလို ပြည်တွင်းဈေးကွက်တွင်လည်း ထောပတ်သီးတန်ချိန် (၃,၀၀၀) ကို နှစ်စဉ် စားသုံးလျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်း ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ထောပတ်သီးကို စိုက်ပျိုးကြပြီး ထောပတ်အမျိုးအစား (၂၃)မျိုးရှိကာ လက်ရှိထောပတ်သီးစိုက်ဧက (၂၀၀၀၀)ခန့်ရှိသလို တောင်သူဦးရေ (၆၀၀၀)ကျော်ရှိတယ်လို့ အသင်းမှသိရှိရပါတယ်။

**ဤဆောင်းပါးကို Myanmar Future News မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## နယ်စပ်ဒေသများတွင် စိုက်ပျိုးသည့်ကြံများ တရုတ်ဘက်တင်ပို့ရာတွင် Green Line ရရှိရန်လိုအပ်

ရှမ်းပြည်နယ် နယ်စပ်ဒေသများတွင် စိုက်ပျိုးသည့်ကြံများကို တရုတ်ဘက်သို့တင်ပို့ရာတွင် ကြန့်ကြာမှုမရှိဘဲ ကုန်သွယ်မှု လျှင်မြန်ရန်လိုအပ်သဖြင့် Green Line မှ ကြံတင်ဆောင်သည့်ယာဉ်များ ဝင်ထွက်ခွင့်ရရှိရေးအတွက် သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှတင်ပြခဲ့ကြောင်း ယင်းအသင်းမှ ဒုဥက္ကဋ္ဌ ဦးဝင်းငွေးကပြောသည်။

တရုတ်ဘက်သို့ ကြံတင်ပို့မှုစာရင်းများအရ ကြံတန်ချိန် အများဆုံး ၁၀ သိန်းဝန်းကျင်ထိ တင်ပို့နိုင်ခဲ့ကာ နယ်စပ်မှ စိုက်ပျိုးထွက်ရှိသမျှ ကြံကိုဝယ်ယူနေခြင်းဖြစ်၍ ကြံစိုက်ဧကများပြားမှုကြောင့် ကြံထွက်နှုန်းလည်းများပြားကြောင်း သိရသည်။ “တရုတ်သကြားစက်တွေနဲ့နီးလို့ အဲဒီကိုပို့တယ်။ ထွက်သလောက်ဝယ်ပြီး စိုက်ဖို့မျိုးလည်းထုတ်ပေးတယ်။ ကိုဗစ်စည်းကမ်းတွေကြောင့် ဂိတ်တွေကအဝင်မခံတာ။ မနှစ်က ကိုဗစ်စည်းကမ်းတွေကြောင့် ထင်သလောက်မပို့နိုင်ခဲ့ဘူး။ ဒါကြောင့် ဒီနှစ်မှာ ကြံသီးနှံကို တရုတ်ဘက် Green Line နဲ့ တင်ပို့နိုင်အောင် နှစ်နိုင်ငံအစည်းအဝေးတွေမှာ အဓိကဆွေးနွေးပေးဖို့ သက်ဆိုင်ရာကို တင်ပြထားတယ်”ဟုရင်းကပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် တရုတ်နိုင်ငံ တယ်ဟုန်းပြည်နယ်မှ တာဝန်ရှိသူများ၊ ကုန်သည်ကြီးများနှင့် အောက်တိုဘာ ၁၈ ရက်က အွန်လိုင်းဖြင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ကြံကို Green Line မှ တင်ပို့နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့ ဆွေးနွေးခဲ့ကြောင်းသိရသည်။ “ကြံထွက်ရာသီရောက်တော့မှာဖြစ်လို့ ကြံတင်ဆောင်တဲ့ယာဉ်တွေကို Green Line ပေးပြီး ဝင်ထွက်ခွင့်ပြုရေး၊ ကျယ်ခေါင်ဂိတ်ပြန်ဖွင့်လှစ်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှု တိုးတက်လာရေးအတွက် ကိုဗစ်စည်းကမ်းတွေ ဖြေလျှော့ပေးရေးစတဲ့အချက်တွေကို ဆွေးနွေးခဲ့ပါတယ်”ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံ နယ်စပ်ဒေသများဖြစ်သည့် လောက်ကိုင်၊ ချင်းရွှေဟော်၊ နမ့်ခမ်း၊ လွယ်ဂျယ်၊ မူဆယ်တို့တွင် ဘိန်းအစားထိုးသီးနှံအဖြစ် ကြံများစိုက်ပျိုးလျက်ရှိရာ အထွက်နှုန်းကောင်းသကဲ့သို့ တရုတ်ဘက်မှ သကြားစက်များ၏ ဝယ်လိုအားရှိကြောင်း၊ ကိုဗစ်စည်းကမ်းများကြောင့် ကြံတင်ပို့နိုင်မှု လျော့ကျမှုမရှိရေးအတွက် Green Line မှ ခွင့်ပြုပေးရေးမှာ လိုအပ်ကြောင်းသိရသည်။

Source: **မကွေးဂျာနယ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ် ဆန်တန်ချိန် ၂၆၅၀ တန် တိုက်ရိုက်တင်ပို့

မြန်မာ့ဆန်များ ပြည်ပသို့တင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိစေပြီး တောင်သူနှင့်ရင်းနှီးမြှုပ်နှံသူများ စီးပွားရေး အခွင့်အလမ်း တိုးတက်စေရန် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ G to G သဘောတူစာချုပ်အရ ဆန်တန်ချိန်နှစ်သိန်း တင်ပို့သွားမည်ဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ပထမဆုံးအကြိမ်အဖြစ် ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာလ ၂၈ ရက်မှစ၍ MV MCL-7 ပင်လယ်ကူးသင်္ဘောဖြင့် တိုက်ရိုက်တင်ပို့ရန် ဆောင်ရွက်နေကြောင်းသိရ သည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် G to G သဘောတူစာချုပ် ချုပ်ဆိုထားပြီး ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်းမှငါးသောင်းတင်ပို့ရန် လျာထားဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၈ ရက်မှစ၍ ဧည့်မထဆန်(၅ မှတ်) 50 kg ဆန်အိတ်တန်ချိန် ၂၆၅၀ ကို စတင်၍ သင်္ဘောတင်နေခြင်း ဖြစ်သည်။ "ပြည်ပကို ဆန်တင်ပို့မှုကနေ နိုင်ငံခြားဝင်ငွေ ရရှိစေတဲ့အပြင် နိုင်ငံတော်နဲ့ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ကနေ ပြည်ပကို ဆန်တိုက်ရိုက်တင်ပို့နိုင်တာဟာ တိုင်းဒေသကြီးရဲ့ အောင်မြင်မှု ပထမလှေကားထစ်တစ်ခုပါ။ ဒုတိယလှေကားထစ်တစ်ခုက နိုင်ငံတော်ကမျှော်မှန်းထားတဲ့ ပုသိမ်စက်မှုမြို့တော်ကနေ ကုန်သွယ်မှုလုပ်ငန်းတွေ မြန်ဆန်သွက်လက်ဖို့အတွက် ခြေလှမ်းသစ်တစ်ခုလည်း ဖြစ်လာပါတယ်။ ဆန်တင်ပို့နိုင်မှုဟာ တိုင်းဒေသကြီးအတွက် GDP တန်ဖိုးလည်း တက်လာစေပါတယ်။ မြန်မာနိုင်ငံရဲ့ စပါးကျီဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော်ဖြစ်တဲ့ ပုသိမ်မြို့ကနေ ဆန်စပါးအပြင် ပဲ၊ ပြောင်း၊ နှမ်းကို တင်ပို့နိုင်ဖို့လည်း မျှော်မှန်းထားပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဝန်ကြီးဌာနနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်မှုမှာ ဟန်ချက်ညီညီနဲ့ ဆန်စပါးအသင်းအဖွဲ့တွေ လက်တွဲပူးပေါင်း ဆောင်ရွက်သွားမှာပါ" ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းကပြောသည်။

ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်း( Ayeyarwaddy International Industrial Port-AIIP )မှ ဆန်တန်ချိန် ၂၆၅၀ ကို အောက်တိုဘာလ ၃၁ ရက်အပြီး တင်ဆောင်ပြီးပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ MCL-7 ကုန်တင်သင်္ဘော ထွက်ခွာမည်ဖြစ်ကာ သင်္ဘောများ တစ်စင်းဝင် တစ်စင်းထွက်စနစ်ဖြင့် ဆက်လက်ဝင်ရောက်နေမည်ဖြစ်သည်။

မြန်မာ့ဆန်ကို အိမ်နီးချင်းနိုင်ငံသို့ တင်ပို့နိုင်ခြင်းဖြင့် ဆန်စပါးနှင့်ဆက်စပ်သောလုပ်ငန်းများအတွက် အလုပ်အကိုင် အခွင့်အလမ်းများစွာ ပေါ်ထွန်းလာလျက်ရှိရာ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေးနှင့် ဈေးကွက်စဉ်ဆက်မပြတ်တည်ရှိရေးအတွက် နိုင်ငံတော်၊ စိုက်ပျိုးတောင်သူ၊ လုပ်ငန်းရှင်နှင့်ဌာနဆိုင်ရာများ ဟန်ချက်ညီညီဖြင့် ဆက်လက်လှမ်းချီသွားရမည်သာ ဖြစ်ပေ သည်။

**Source:** https://www.myawady.net.mm/node/32127

## ထိုင်းနိုင်ငံ၏ အင်တာနက်စီးပွားရေး ယခုနှစ်တွင် ၁၇ ရာခိုင်နှုန်း တိုးတက်လာမည်



https://www.myawady.net.mm/node/32094

ယခုနှစ်အတွက် ထိုင်းနိုင်ငံ၏ အင်တာနက်စီးပွားရေးသည် ၁၇ ရာခိုင်နှုန်း တိုးတက် လာမည်ဖြစ်ပြီး အသားတင် ကုန်စည်ရောင်းဝယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံအထိ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် e-Commerce ကြောင့် ယခုကဲ့သို့ စီးပွားရေးတိုးတက်ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃ ဘီလီယံအထိပင် ရောက်ရှိမည်ဖြစ်ကြောင်း ဂူးဂဲ အပါအဝင် အင်တာနက်ကုမ္ပဏီအချို့ကထုတ်ပြန်သော e-Conomy SEA 2022 တင်ပြချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ထိုင်းနိုင်ငံသည် အာဆီယံဒေသတွင် အင်ဒိုနီးရှားပြီးနောက် ဒုတိယမြောက်အကြီးဆုံးသော အင်တာနက် စီးပွားရေးကို ပိုင်ဆိုင်သည့်နိုင်ငံဖြစ်လာသည်။

အင်ဒိုနီးရှားနိုင်ငံ၏ အသားတင်ကုန်စည်ရောင်းဝယ်မှုပမာဏမှာ ဒေါ်လာ ၇၇ ဘီလီယံရှိမည်ဟု မျှော်မှန်းရသည်။ ထိုင်းနိုင်ငံပြီးနောက် ဗီယက်နမ်နိုင်ငံက ဒေါ်လာ ၂၃ ဘီလီယံ၊ မလေးရှားနိုင်ငံက ဒေါ်လာ ၂၁ ဘီလီယံ၊ ဖိလစ်ပိုင်နိုင်ငံက ဒေါ်လာ ဘီလီယံ ၂၀ နှင့် စင်ကာပူနိုင်ငံက ဒေါ်လာ ၁၈ ဘီလီယံတို့ဖြင့် အသီးသီးတည်ရှိနေသည်။

ယခုနှစ်အတွင်း အာဆီယံဒေသတစ်ခုလုံး၏ အသားတင်ကုန်စည် ရောင်းဝယ်မှုပမာဏသည် ဒေါ်လာ ဘီလီယံ ၂၀၀ အထိ ရောက်ရှိမည်ဖြစ်ပြီး ၂၀ ရာခိုင်နှုန်း တိုးတက်လာမည်ဟုမျှော်မှန်းရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Source:** https://www.myawady.net.mm/node/32094

## အိန္ဒိယအစိုးရ သကြားတင်ပို့မှုအပေါ် ကန့်သတ်ချက် သက်တမ်းတိုး



https://www.foodindustrydirectory.com.mm

ကမ္ဘာ့သကြားအများဆုံးထုတ်လုပ်သူ အိန္ဒိယနိုင်ငံသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလအထိ သကြားတင်ပို့မှု တားမြစ်ချက်ကို တစ်နှစ်သက်တမ်းတိုးခဲ့ကြောင်း အစိုးရက ပြောကြားခဲ့သော်လည်း ယခုနှစ်ပြည်ပ ရောင်းချမှုအတွက် ခွဲတမ်းကိုပြင်ဆင်ရန် ကုန်သည်များက မျှော်လင့်နေကြဆဲဖြစ်သည်။

ကမ္ဘာ့သကြားစားသုံးမှု အများဆုံးနိုင်ငံလည်းဖြစ်သော အိန္ဒိယသည် ယခုနှစ်တွင် သကြားများကို စံချိန်တင်တင်ပို့ပြီးနောက် ပြည်တွင်းဈေးမြင့်တက်လာမှုကို ထိန်းချုပ်နိုင်ရန် ယခု အောက်တိုဘာလကုန်အထိ သကြားတင်ပို့မှုကို ၂၀၂၂ မေလတွင် ကန့်သတ်ခဲ့သည်။ "အသိပေးချက်အမိန့်စာက သကြားတင်ပို့မှုကို ကန့်သတ်အမျိုးအစားတွင်ထားရှိတဲ့ အစိုးရရဲ့မူဝါဒကို သက်တမ်းတိုးပေးလိုက်တာဖြစ်ပေမဲ့ အဲဒီအစိုးရဆုံးဖြတ်ချက်က ၂၀၂၂-၂၃ မှာ သကြားတင်ပို့မှုကို ခွင့်ပြုမည်မဟုတ်လို့မဆိုလိုပါ"ဟု National Federation of Cooperative Sugar Factories Ltd မှ မန်နေဂျင်း ဒါရိုက်တာ Prakash Naiknavare က Reuters သို့ ပြောကြားခဲ့သည်။ လက်ရှိကြံရာသီ၏ ပို့ကုန်ခွဲတမ်းကို လာမည့်သီတင်းပတ်တွင် ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ကုန်သွယ်မှုနှင့် အစိုးရသတင်းရင်းမြစ်များကဆိုသည်။

အောက်တိုဘာ ၁ ရက်မှ စတင်သည့် ဈေးကွက်နှစ်သစ်အတွက် ပထမဆုံးအသုတ် သကြားတင်ပို့မှုတွင် အစိုးရအနေဖြင့် သကြားတန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုရန် အဆင်သင့်ဖြစ်နေပြီဟု ပြီးခဲ့သည့်လက ရိုက်တာသတင်းတွင်ဖော်ပြခဲ့ပါသည်။ အိန္ဒိယအစိုးရသည် ဒုတိယအသုတ်တွင် သကြားတန်ချိန် ၃ သန်းခန့် တင်ပို့ခွင့်ပြုရန် မျှော်မှန်းထားပြီး ယခုနှစ်တွင် ပြည်ပသို့ သကြားတင်ပို့မှု စုစုပေါင်းတန်ချိန် ၈ သန်းခန့်ရှိလာမည်ဖြစ်သည်။

အိန္ဒိယသကြားစက်များအသင်း Indian Sugar Mills Association ၏ အဆိုအရ အိန္ဒိယသည် ၂၀၂၂-၂၃ ကြံရာသီတွင် သကြားတန်ချိန် ၉ သန်းအထိ တင်ပို့နိုင်မည်ဟုဆိုသည်။ အီသနောထုတ်လုပ်မှုအတွက် သကြားတန်ချိန် ၄.၅ သန်းကို ဖယ်ထားလိုက်ပြီးနောက် အိန္ဒိယသည် ၂၀၂၂-၂၄ ရာသီတွင် သကြားတန်ချိန် ၃၆.၆ သန်းခန့် ထုတ်လုပ်နိုင်ကာ ယခင်ရာသီထက် ၂% ပိုများလိမ့်မည်ဟု မျှော်လင့်ရသည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5220-india-extends-curbs-on-sugar-shipments.html

## ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ် ဈေးနှုန်းအခြေအနေ

မန္တလေးကုန်စည်ဒိုင်တွင် မြေပဲနှင့်နေကြာတို့ကို ဆီကြိတ်ခွဲရာမှ ထွက်ရှိလာသည့် ဆီကြိတ်ဖတ်များကို နေ့စဉ်ရောင်းဝယ်လျက်ရှိသည်။ မန္တလေးအနီးတဝိုက်မှ ထွက်ရှိသည့် ဆီကြိတ်ဖတ်များကို မန္တလေးကုန်စည်ဒိုင်တွင် ဈေးကွက်တခုအဖြစ် ဈေးဖွင့်ရောင်းဝယ်ကြခြင်းဖြစ်သည်။ မြေပဲ၊ နှမ်း၊ နေကြာ ကုန်ကြမ်းဈေးအနိမ့်အမြင့်နှင့် တိရစ္ဆာန်အစာဈေးကွက်ပေါ်မူတည်၍ ဆီကြိတ်ဖတ် ဈေးကွက်ပြောင်းလဲဖြစ်ပေါ်ကြောင်း၊ တိရစ္ဆာန်အစာတောင့်စက်ရုံများမှ နေကြာဖတ်ကို အဓိကထားဝယ်ယူပြီး ငါးမွေးမြူရေးလုပ်ငန်းများမှ ပဲဖတ်၊ နှမ်းဖတ်ကို အဓိကထားဝယ်ယူကြောင်း သိရသည်။

**ပဲဖတ်** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၂၈၀၀ မှ ၂၇၅၀၊ ယခင်တစ်ပတ် ကျပ် ၂၈၀၀ မှ ၂၇၅၀၊ ယခင်လ ကျပ် ၂၉၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀ မြင့်တက်လာပြီး ယခင်လထက်ကျပ် ၁၀၀ နိမ့်ကျလာသည်။

**နှမ်းဖတ်** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၂၁၀၀ မှ ၂၁၂၀ ၊ ယခင်တစ်ပတ် ကျပ် ၂၀၅၀ မှ ၂၁၀၀ ၊ ယခင်လ ကျပ် ၂၁၀၀ မှ ၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၂၀ မှ ၅၀ ၊ ယခင်လထက်ကျပ် ၅၀ မြင့်တက်လာသည်။

**နေကြာဖတ်** တစ်ပိဿာဈေးမှာ ယခုတစ်ပတ်တွင် ကျပ် ၁၈၀၀ ၊ယခင်တစ်ပတ် ကျပ် ၁၇၅၀ မှ ၁၈၀၀၊ ယခင်လကျပ် ၁၉၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက်ကျပ်(၅၀) ၊ ယခင်လထက်ကျပ် ၁၀၀ နိမ့်ကျလာသည်။

**Source: ရတနာပုံကုန်သွယ်မှုဗဟိုဌာန**

## STOCK EXCHANGE (31.10.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | +0 | +0.00% | 9,300 | 9,300 | 9,300 | 146 | 1,357,800 | 33,109,694 | 307,920 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,350 | 7,136 | 23,965,850 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 6 | 46,200 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | -500 | -2.50% | 20,000 | 20,000 | 19,500 | 1,104 | 21,599,000 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 300 | 810,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


### Market summary

As of 31st Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 407.92 | -0.71 | -0.17% | 408.63 | 408.63 | 406.80 | 8,692 | 47,778,850 | 7 | 709,622 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 31st Oct. 2022

| MYANPIX | 407.92 ▼ 0.71 |
|---|---|
| Total Volume (shares) | 8,692 |
| Total Value (MMK) | 48 mil |
| Listed Company | 7 |
| Market Cap. (MMK) | 709,622 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▼ 500 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |

TIR